ကြေးမုံ
The Mirror
၁၃၇၃ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်၊သောကြာနေ့(27-5-2011)(၆၇၇၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချစ်ကြည်ရေးခရီးသွားရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

နေပြည်တော်　　မေ　　၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zong Ying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍**

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦး နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦး နှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

The Mirror
၂၇ - ၅ - ၂၀၁၁
(သောကြာနေ့)

အခမဲ့မူလတန်းပညာရေးစနစ်မှသည်

ပညာရေးမြင်ကွင်းသည် ပြောင်းလဲတိုးတက်မြင့်မားလာနေပြီ။ မြန်မာနိုင်ငံတွင် လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဖော်ဆောင်နေသည်။ ခေတ်မီပညာရေးဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ၊ အရည်အချင်းမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာနေပြီဖြစ်သည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မကြာမီ စတင်တော့မည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မြို့နယ်များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံရေး အခမ်းအနားများ ကျင်းပနေပြီ။ မေလ ၂၅ ရက်မှ ၃၁ ရက်အတွင်း ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ ကျောင်းသားများ လက်ခံနေကြပြီ။ အခြေခံပညာမူလတန်းအဆင့် ကျောင်းနေနှုန်းတိုးတက်မြင့်မားရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေး ကြိုးပမ်းနေကြခြင်းဖြစ်သည်။

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနနှင့်အတူ စေတနာရှင် မိဘပြည်သူများက ပါဝင်ကူညီလျက်ရှိရာ နှစ်စဉ် သူငယ်တန်းကျောင်းဝင်နှုန်း တိုးတက်လာသည်ကို တွေ့ရသည်။ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်းသာ သူငယ်တန်းသို့ ဝင်ရောက်ခဲ့သည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ တိုးတက်လာသည့် အရှိန်အဟုန်ကို ထိန်းသိမ်းကြရပေမည်။ ကျောင်းနေသောကလေးတိုင်း ကျောင်းနေမြဲရေး၊ အတန်းစဉ်အလိုက် ကူးပြောင်းသင်ယူနှုန်း တိုးတက်မြင့်မားရေး၊ သင်ယူတတ်မြောက်ရေးတို့သည် ဆက်လက်ကြိုးပမ်းကြရဦးမည့် လုပ်ငန်းစဉ်များဖြစ်သည်။

ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ငါးသန်းကျော်အတွက် နိုင်ငံတော်က ငွေကျပ် သန်း ၂၄၀၀ တန်ဖိုးရှိသည့် မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အခြေခံပညာအထက်တန်းကျောင်းအချို့တွင် ကျောင်းသုံးစာအုပ်များ အခမဲ့ပေးအပ်နေကြပြီ။ အခြေခံပညာကျောင်းများအလိုက် ဆောင်ရွက်သွားနိုင်ရေး စီစဉ်ထားပြီးဖြစ်သည်။

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းလာရေး၊ ကျောင်းနေမြဲရေးအတွက် အခြေခံကျောင်းစရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ စဉ်ဆက်မပြတ် ထောက်ပံ့ကူညီနိုင်ရေးသည် လိုအပ်ချက်တစ်ခုဖြစ်သည်။ ကျောင်းနေကလေးမိသားစုများ နေထိုင်စားသောက်မှုအဆင်ပြေရေး ဝိုင်းဝန်းကူညီပံ့ပိုးပေးသင့်ပေသည်။

နိုင်ငံတော်က ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ ယခုကဲ့သို့ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များ အခမဲ့ထောက်ပံ့ပေးခြင်းကို ကြိုဆိုပါသည်။ **အခမဲ့ မူလတန်းပညာရေးစနစ်မှသည် မသင်မနေရ မူလတန်းပညာရေးစနစ်သို့** တက်လှမ်းနိုင်ရေး ကြိုးပမ်းချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၏ ကိုယ်အား၊ ဉာဏ်အား၊ ငွေကြေးပစ္စည်းအင်အားများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ကျောင်းနေသော ကလေးတိုင်း ပညာသင်ယူတတ်မြောက်မှု အရည်အသွေး ပိုမိုပြည့်ဝလာမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ကဏ္ဍဆိုင်ရာ နှစ်နိုင်ငံအကျိုးတူဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ တိုးမြှင့်ရေး၊ ကိုရီးယားကုမ္ပဏီများ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၂၆

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန်သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပဉ္စမအကြိမ် မြန်မာ-ကိုရီးယား စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ သယံဇာတအရင်းအမြစ်များ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ အစည်းအဝေးကျင်းပရေးနှင့် မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ၌ ကိုရီးယား ကုမ္ပဏီများ ပိုမိုပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း ပေါက်တောရပ်ကွက်နေ ကွယ်လွန်သူမိဘနှစ်ပါးနှင့် ဦးချစ်လှိုင်၊ ဦးချစ်ငွေ၊ ဒေါ်ဥတင် တို့အား ရည်စူး၍ ဒေါ်သန်းနှင့် ညီအစ်ကိုမောင်နှမတစ်စုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ အဆောက်အအုံပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးအောင်သန်း(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အိမ်မဲမြို့နယ်အတွင်း လှည့်လည်စစ်ဆေး

နေပြည်တော် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၄ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိပြီး သတ်မှတ်ကာလ အချိန်မီ ပြီးစီးရေး၊ ရထားလမ်း တာပေါင်များအား ပျက်စီးမှုမရှိအောင် စနစ်တကျထိန်းသိမ်းရေး၊ ဘူတာရုံများအား အမြန်ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာ စုပေါင်းလယ်ယာ ကုန်ထုတ်အသင်း မိုးစပါး စုပေါင်းထွန်ယက်ပွဲကို ကြည့်ရှုအားပေးပြီး အိမ်မဲမြို့ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာသို့ ရောက်ရှိကာ ဘိုးဘွားရိပ်သာ ရာသက်ပန်ငွေပဒေသာပင်အတွက် အလှူငွေကျပ်သုံးသိန်းနှင့် ဘိုးဘွားများအား အလှူငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ် လွိုင်ကော်မြို့နေ ဗိုလ်မှူးချုပ်ဝင်းမြင့်-ဒေါ်နွယ်နီဝင်း မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းသို့ "ကန်ဦးဖောင်ဒေးရှင်းပညာသင်ဆု"အတွက် အလှူငွေကျပ် ၁၀ သိန်းကို အလှူရှင်ကိုယ်စား ဗိုလ်မှူးကြီးမင်းဆွေ(ငြိမ်း)က ဖောင်ဒေးရှင်း အမှုဆောင် ဥက္ကဋ္ဌ ဦးစိုးဝင်း (ဆင်သရဖူ) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၇-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာ့ရှုခင်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၅ ၁။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ မဟာဂီတချိုကြည်မြ
- ၄:၃၀ ၅။ မြန်မာစာ၊ မြန်မာစကား (အပိုင်း-၈)
- ၄:၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၅၅ ၈။ အိုင်စီတီသုတ
- ၅:၀၀ ၉။ အားလုံးရဲ့တာဝန်
- ၅:၁၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁၂)
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ "ရွှာ"ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၂၅)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ဒို့တာဝန်အရေး(၃)ပါး
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ စိုက်ပျိုးသုတ
- ၂၃။ သံစဉ်များနှင့်ကမ္ဘာ
- ၂၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၄)**
- ၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ စတုတ္ထနေ့ ကျင်းပ

နေပြည်တော် မေ ၂၆

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အခမ်းအနားမှူးက ပြည်သူ့လွှတ်တော် / အမျိုးသားလွှတ်တော် ကော်မတီဝင်များနှင့် တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများတင်ပြသည့် စာတမ်းခေါင်းစဉ်များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက စာတမ်းခေါင်းစဉ်များနှင့် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို သုံးသပ်ညှိနှိုင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များ၏ သုံးသပ်ဆွေးနွေးမှုများအပေါ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ တို့က ခြုံငုံသုံးသပ် ဆွေးနွေးပြောကြားပြီး စတုတ္ထနေ့ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

❍ ရွှေဖုံးမှ

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ စတုတ္ထနေ့ကို နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ဗီယက်နမ်နိုင်ငံသံအမတ်ကြီး တွေ့ဆုံ

ရန်ကုန် မေ ၂၆

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် ယနေ့ ညနေ ၃ နာရီတွင် သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲရှိ ဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

စာရေးဆရာကိုဦး၏ အဖြူရင့်ရင့် ဥတ္တရနေခြည် စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၆

တိုင်းရင်းသား မျိုးနွယ်စုများ၏ ဘဝနှင့်အလှ၊ သဘာဝနှင့်ယဉ်ကျေးမှု၊ ဖြူစင်ရိုးသားသော ဓလေ့စရိုက်နှင့် ဘဝအားမာန်အစရှိသည်တို့ကို အခြေခံလျက် ရသမြောက်ဇာတ်လမ်းများကို စိတ်ကူးကောင်းကောင်းဖြင့် ဖော်ကျူးတင်ဆက်လေ့ရှိသော စာရေးဆရာ ကိုဦး၏ "အဖြူရင့်ရင့် ဥတ္တရနေခြည်" စာအုပ်ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** ခိုင်မာသော ဇာတ်လမ်း၊ ထူးဆန်းသောအဖြစ်အပျက်များ၊ တုန်လှုပ်တက်ကြွဖွယ်၊ ရင်နာဖွယ် ဇာတ်ဝင်ခန်းများဖြင့် တသိမ့်သိမ့် တငြိမ့်ငြိမ့် ဖတ်ရှုရမည့်အပြင် တောင်ထိပ်အမြင့်ဆုံးနေရာသို့ တက်ရောက်ပြီးပါက နောက်ထပ်တက်ရန် မလိုတော့သည့်အလား ပြည့်စုံသော ကျေနပ်မှုများဖြင့် နှစ်သက်ပီတိဖြစ်ရမည့် ဤစာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းကြေးအိုးဆိုင်နှင့် အလက(၁) ရန်ကင်းကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် တစ်နိုင်ငံလုံးရှိ စာအုပ်ဆိုင်ကြီးများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

လှိုင်မြို့နယ် ရွှေဟင်္သာကွန်ဒို တိုက်(အေ)နေ ဦးသိန်းဟန်-ဒေါက်တာဒေါ်တင်တင်လှ မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်နော်အေးဌေးတို့ လက်ခံစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၆-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၀၄၉	၀. ၀၃၂၈၉
တရုတ် (ယွမ်)	၆. ၄၉၂၁၆	၀. ၁၅၄၀၃
အိန္ဒိယ (ရူပီး)	၄၅. ၂၄၉၆	၀. ၀၂၂၁၀
မလေးရှား (ရင်းဂစ်)	၃. ၀၄၅၅၀	၀. ၃၂၈၃၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၅၈၃	၀. ၈၀၂၆၈
ဂျပန် (ယန်း)	၈၁. ၃၃၀၉	၀. ၀၁၂၃၀
တောင်ကိုရီးယား(ဝမ်)	၁၀၈၉. ၃၈	၀. ၀၀၀၉၂
ယူရို	၀. ၇၀၉၂၄	၁. ၄၀၉၉၆
ဗြိတိသျှ (ပေါင်)	၀. ၆၁၁၃၅	၁. ၆၃၅၇၃

အင်တာနက်။

ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ပြည်မြို့ နဝဒေးပွဲရုံလမ်း ကုန်တင်၊ ကုန်ချယာဉ်ရပ်နားစခန်းဝင်းရှိ ကုန်တင်၊ ကုန်ချရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းထွန်း ရှင်းလင်းပြောကြားစဉ်။ (၁၃၇)

ဖောက်ကလန်ကျွန်းစုဒေသ၌ လုပ်ငန်းဆောင်ရွက်နေသော ရေနံတူးစင်တစ်ခုကို တွေ့ရစဉ်။

ဖောက်ကလန်ကျွန်းစု၌ ရေနံနှင့် ဓာတ်ငွေ့သိုက်များ ရှာဖွေတူးဖော်ရန်စီစဉ်မှု အာဂျင်တီးနား ကန့်ကွက်မည်

စတန်လီ (ဖောက်ကလန်ကျွန်းစု) မေ ၂၆

ဗြိတိသျှအုပ်ချုပ်သော ဖောက်ကလန်ကျွန်းစု၌ ရေနံနှင့် ဓာတ်ငွေ့သိုက်များအား ရှာဖွေတူးဖော်သည့် လုပ်ငန်းများကို တိုးချဲ့ရန် စီစဉ်လျက်ရှိခြင်းသည် အာဂျင်တီးနားနိုင်ငံအား ရန်စလှုံ့ဆော်ရာရောက်ကြောင်း အာဂျင်တီးနားသတင်းဌာနများက မေ ၂၆ရက်တွင် ရေးသားဖော်ပြသည်။

ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ဖောက်ကလန်ကျွန်းစုပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ၁၉၈၂ခုနှစ်က စစ်ဖြစ်ပွားခဲ့ကြသည်။ ၇၄ရက်ကြာစစ်ပွဲတွင် လူပေါင်း ၁၀၀၀ခန့် အသက်ဆုံးရှုံးခဲ့ရပြီးနောက် အာဂျင်တီးနား စစ်ရှုံးခဲ့ရသည်။ သို့ရာတွင် ယင်းနိုင်ငံက ဖောက်ကလန်ကျွန်းစုအပေါ် အချုပ်အခြာအာဏာပိုင်စိုးမှု ရှိရမည်ဟု အခိုင်အမာက ပြောကြားသည်။

ကန့်ကွက်မည်

ဖောက်ကလန်ကျွန်းစုနှင့် ဆက်နွယ်မှုရှိသော သင်္ဘောများအားလုံးကို အမည်ပျက်စာရင်းတွင် ထည့်သွင်းမည်ဖြစ်ကြောင်း၊ ဖောက်ကလန်ကျွန်းစု၌ ရေနံနှင့် ဓာတ်ငွေ့သိုက်များ ရှာဖွေတူးဖော်မှုကို ကန့်ကွက်သွားမည်ဖြစ်ကြောင်း အာဂျင်တီးနား သမ္မတခရစ္စတီးနားဖာနန်ဒက်ဒီကာချနာက ပြောကြားခဲ့သည်။ ဖောက်ကလန်ကျွန်းစု၌ ၂၀၁၂ ခုနှစ်အထိ ရေနံနှင့် ဓာတ်ငွေ့ ရှာဖွေတူးဖော်မှုလုပ်ငန်းကို တိုးချဲ့သွားရန် စီစဉ်လျက်ရှိသည်။

ဖောက်ကလန်ကျွန်း၌ ရေနံနှင့် ဓာတ်ငွေ့ရှာဖွေတူးဖော်ရေး အစီအစဉ်ကို တိုးချဲ့နိုင်ရေးအတွက် ကန်ထရိုက်လုပ်ငန်းသစ်များကို ခွဲဝေပေးလျက်ရှိသည်။

နိုင်ငံတကာရေနံကုမ္ပဏီများသည် ဖောက်ကလန်ကျွန်းစုမြောက်ပိုင်း ချိုင့်ဝှမ်းဒေသ၌ ရေနံနှင့်ဓာတ်ငွေ့ ရှာဖွေတူးဖော်မှု အများစုကို ပြုလုပ်ကြမည်ဖြစ်သည်။

အင်တာနက်။

အီဂျစ်နှင့် ဂါဇာကမ်းမြောင်အကြား ရာဖာနယ်စပ်ဝင်ပေါက် အမြဲတမ်းဖွင့်လှစ်သွားရန် အီဂျစ်အစိုးရသစ် ဆုံးဖြတ်

ကိုင်ရို မေ ၂၆

ဟားမားစ်လက်နက်ကိုင်အုပ်စုက ထိန်းချုပ်ထားသော ဂါဇာကမ်းမြောင်ဒေသနှင့် အီဂျစ်နိုင်ငံတို့အကြား တစ်ခုတည်းသော နယ်စပ်ဝင်ပေါက်ကို ယခုရက်သတ္တပတ်အတွင်း ပြန်လည်ဖွင့်လှစ်၍ ဂါဇာဒေသပိတ်ဆို့မှုကို အဆုံးသတ်ရန် အီဂျစ်နိုင်ငံက မေ ၂၅ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အီဂျစ်အစိုးရအဖွဲ့သစ်၏ ဆုံးဖြတ်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသမှ လူဦးရေ ၁ ဒသမ ၄ သန်းတို့သည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်တောက်နေရသည့် အဖြစ်မှ လွတ်ကင်းတော့မည်ဖြစ်သည်။

သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကြောင့် လုံခြုံရေးအကြောင်းပြချက်ဖြင့် ဂါဇာဒေသသို့ ဝင်ရောက်လာသော လူနှင့် ကုန်စည်များအား ဂရုတစိုက်စောင့်ကြည့်ရမည်ဟူသော အယူအဆကို လက်ကိုင်ထားသည့် အစ္စရေးနိုင်ငံနှင့် အီဂျစ်အစိုးရအဖွဲ့တို့အကြား သဘောထားကွဲလွဲလာဖွယ်ရာရှိသည်။

ရာဖာနယ်စပ်ဝင်ပေါက်ကို မေ ၂၈ ရက်တွင် စတင်၍ အမြဲတမ်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံ၏ အရှေ့အလယ်ပိုင်း သတင်းအေဂျင်စီက ထုတ်ဖော်ကြေညာခဲ့သည်။

အဆိုပါနယ်စပ်ဝင်ပေါက်ကို ဖွင့်လှစ်ပေးခြင်းဖြင့် ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းသားများသည် လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြင်ပကမ္ဘာနှင့် ထိတွေ့နိုင်ရန် လမ်းစပွင့်သွားပြီဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း ဟားမားစ်အုပ်စုက ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ခဲ့ရာ အီဂျစ်နှင့် အစ္စရေးနိုင်ငံတို့က ဂါဇာဒေသ၏ နယ်စပ်ထွက်ပေါက်မှန်သမျှအား ထိန်းချုပ်ထားခဲ့သည်။

အီဂျစ်နိုင်ငံက ဂါဇာနယ်စပ်ကို ပိတ်ဆို့ထားစဉ် ကာလအတွင်း ပါလက်စတိုင်းသားများအနေဖြင့် ပညာရေး၊ ဆေးဝါးကုသရေး စသော အထူးအကြောင်းပြချက်များမှတစ်ပါး အခြားအကြောင်းအချက်များဖြင့် နယ်စပ်ဖြတ်သန်းခွင့်မရှိခဲ့ပေ။

စည်းမျဉ်းဟောင်းများကို ပြန်လည်ပြင်ဆင်ပြီးပါက သောကြာနေ့နှင့် အားလပ်ရက်များမှလွဲ၍ ပါလက်စတိုင်းဒေသသားများသည် နိုင်ငံကူးလက်မှတ်ဖြင့် အီဂျစ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော်သွားရောက်နိုင်မည်ဖြစ်ကြောင်း အရှေ့အလယ်ပိုင်းသတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အေပီ။

အီဂျစ်အစိုးရသစ်၏ ဆုံးဖြတ်ချက်အရ အမြဲတမ်းဖွင့်လှစ်ထားမည့် ရာဖာနယ်စပ်ဝင်ပေါက်တွင် ခရီးသွားများ ဤသို့ ကူးသန်းသွားလာနိုင်ကြပေတော့မည်။

အမေရိကန်နိုင်ငံသား ခင်ပွန်းသည် ဇနီးသည် ရုရှားနိုင်ငံသူကို သတ်ပြီး ၁၅ ထပ်အမြင့်မှ ခုန်ချသေပွဲဝင်

မော်စကို မေ ၂၆

အမေရိကန်နိုင်ငံသားတစ်ဦးသည် ၎င်း၏ဇနီးသည် ရုရှားနိုင်ငံသူအား သတ်ဖြတ်ပြီးနောက် မော်စကိုမြို့ ဟိုတယ်တစ်ခု၏ ၁၅ ထပ်မှ ခုန်ချ၍ သေကြောင်းကြံစည်ခဲ့သည်ဟု ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးကော်မတီက မေ ၂၆ရက်တွင် ထုတ်ပြန်သည့် ဝက်ဘ်ဆိုက်ကြေညာချက်၌ ဂျူအန်ဂူလီယာမိုကာဒိုနာ၏ ရုပ်အလောင်းကို မော်စကိုမြို့ အရှေ့ပိုင်းအစွန်အဖျားရှိ ဟိုတယ်တစ်ခု၏ဝန်းကျင်တွင် မေ ၂၀ ရက်က တွေ့ရှိရပြီး ၎င်းမှာ အသက်(၃၀)ကျော်အရွယ်ရှိသည်ဟုဆိုသည်။

ကာဒိုနာ၏ ဇနီးဖြစ်သူမှာ အသက်(၂၀)ကျော်ရှိပြီး ဟိုတယ်၏ ၁၅ ထပ်ရှိ အခန်းတစ်ခန်းတွင် ၎င်း၏ရုပ်အလောင်းကို တွေ့ရှိရသည်။ သေဆုံးသူ ရုရှားလူမျိုးဇနီးသည်၏အမည်ကို ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။

အဆိုပါ လူသတ်မှုနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြခြင်း မရှိခဲ့သော်လည်း မနာလိုဝန်တိုမှုက သတ်ဖြတ်မှုဖြစ်ပွားရန် စေ့ဆော်တွန်းအားပေးခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြသည်။

အင်တာနက်။

ထောင့်သန်းရောဂါစွဲကပ်သေဆုံးခဲ့သော မွေးမြူရေးတိရစ္ဆာန်များမြှုပ်နှံထားသည့် ရုရှားနိုင်ငံ၏ အာတိတ်ဒေသကို ကမ္ဘာကြီးပူနွေးလာမှုက ခြိမ်းခြောက်နေ

မော်စကို မေ ၂၆

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာတိတ်ဒေသရှိ ထောင့်သန်းရောဂါပိုးစွဲကပ်သေဆုံးခဲ့ရသော မွေးမြူရေးတိရစ္ဆာန်များအား မြှုပ်နှံထားရာ နေရာများပြန်လည်ပေါ်ထွက်လာနိုင်ပြီး အသက်အန္တရာယ်ကြီးမားသော ထောင့်သန်းရောဂါ ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်နိုင်ကြောင်း ရုရှားနိုင်ငံအရေးပေါ်ကိစ္စရေးရာဝန်ကြီးဌာနက မေ ၂၅ ရက်တွင် ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုသည် အမြဲတမ်းရေခဲလွှာရှိသောဒေသများကို ဆိုးကျိုးသက်ရောက်မှုရှိပြီး ထောင့်သန်းရောဂါကြောင့် သေဆုံးခဲ့ရသည့် မွေးမြူရေးတိရစ္ဆာန်များ မြှုပ်နှံထားရာနေရာများ ရေခဲပြင်အောက်မှ ပေါ်ထွက်လာမည့်အန္တရာယ်ကို ပေါ်ပေါက်စေကြောင်း အရေးပေါ်ကိစ္စရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ထောင့်သန်းရောဂါပိုးကြောင့် သေဆုံးရသော မွေးမြူရေးတိရစ္ဆာန်များကို မြှုပ်နှံထားသည့် နေရာပေါင်း ၁၀၀၀၀၀ ကျော်ရှိပြီး ၄၀၀ ခန့်မှာ အာတိတ်ဒေသ၌ တည်ရှိသည်။

Bacillus anthracis ပိုးရပ်စ်ကြောင့် ဖြစ်ပွားရသောထောင့်သန်းရောဂါသည် အန္တရာယ်အလွန်ကြီးမားသော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး လူနှင့်တိရစ္ဆာန်နှစ်မျိုးစလုံး၌ ကူးစက်ဖြစ်ပွားတတ်သည်။

ပြောင်းလဲရှင်သန်နိုင်

ထောင့်သန်းပိုးများသည် ကြမ်းတမ်းပြင်းထန်သော အခြေအနေများ၌ ဆယ်စုနှစ်ပေါင်းများစွာ ထို့ထက်မက ရာစုနှစ်များနှင့်ချီ၍ အသွင်ပြောင်းလဲရှင်သန်နိုင်သော ရောဂါပိုးများဖြစ်ကြောင်း ရုရှားအရေးပေါ်ကိစ္စရေးရာဝန်ကြီးဌာနက သတိပေးပြောကြားသည်။

သို့ရာတွင် ရုရှားနိုင်ငံ၏ ဝန်ကြီးဌာနအချို့နှင့် အခြားအစိုးရအဖွဲ့အစည်းများသည် ဘဏ္ဍာရေးနှစ်သစ်မတိုင်မီ အသုံးစရိတ်ငွေ ပိုမိုရရှိရေးအတွက် ထိတ်လန့်တကြား သတိပေးမှုများကို ထုတ်ပြန်တတ်သည်ဟု ဆိုသည်။ **အင်တာနက်။**

ကမ္ဘာကြီးပူနွေးလာမှုက ခြိမ်းခြောက်လျက်ရှိသည့် ထောင့်သန်းရောဂါ စွဲကပ် သေဆုံးခဲ့ရသော မွေးမြူရေးတိရစ္ဆာန်များအား မြှုပ်နှံထားရာ ရုရှားနိုင်ငံ၏ အာတိတ်ဒေသတစ်နေရာ။

ဒေါ်လာ ၁ ဒသမ ၆ သန်းတန် စပျစ်ဝိုင်စည်များ လန်ဒန်စောရများ ခိုးယူ

လန်ဒန် မေ ၂၆

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော် အရှေ့ပိုင်းရှိ ကုန်လှောင်ရုံ တစ်ရုံမှ ပေါင်စတာလင်တစ်သန်း(အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း)တန်ဖိုးရှိ စပျစ်ဝိုင်များကို ခိုးယူသွားခဲ့သော သူခိုးများအား စကော့တလန်ယာဒ်ရဲတပ်ဖွဲ့က မြေလှန်ရှာဖွေနေကြောင်း မေ ၂၅ ရက်သတင်းများတွင် ဖော်ပြသည်။

ဝိုင်သူခိုးများသည် ကုန်လှောင်ရုံကို မေ ၂၂ ရက်တွင် ဖောက်ထွင်းခဲ့ကြပြီး အချက်ပေးစနစ်များနှင့် လုံခြုံရေးကင်မရာများ အလုပ်လုပ်ဆောင်နိုင်မှုမရှိစေရန် ဖျက်ဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယမကာသူခိုးများသည် အဖိုးတန်ဝိုင်များ ထည့်သွင်းထားသော စည်ပေါင်း ၄၀၀ မျှကို ဝန်ချီစက်တစ်ခု အသုံးပြု၍ သယ်ထုတ်ခဲ့ကြသည်ဟုဆိုသည်။

ခိုးယူခံခဲ့ရသော ဝိုင်စည်များအနက် တချို့ကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများက ပိုင်ဆိုင်ပြီး ယင်းဝိုင်စည်များကို ပြန်လည်ရယူပေးပါက ဆုငွေ ပေါင် ၅၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း ကမ်းလှမ်းထားသည်။

ခိုးယူခံခဲ့ရသော စပျစ်ဝိုင်စည်များသည် တန်ဖိုးကြီးရှားပါးပြီး ဝိုင်စုဆောင်းသူများနှင့် လေလံရုံများကို ရောင်းချ၍ ရနိုင်သောကြောင့် ယင်းစပျစ်ဝိုင်စည်များနှင့်ပတ်သက်၍ သတင်းရပါက ပေးပို့ရန် လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က မေတ္တာရပ်ခံထားသည်။

ဝိုင်စည်များ ဖောက်ထွင်းခိုးယူခံရမှုနှင့်ပတ်သက်၍ လူနှစ်ဦးကို ဖမ်းဆီးထားကြောင်း လန်ဒန်မြို့တော်ရဲတပ်ဖွဲ့က ကြေညာခဲ့သည်။ **အင်တာနက်။**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်အား စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်သည် ၁၉၅၅ ခုနှစ်တွင် ဘန်စကာဘိုင်စထရီကာမြို့၌ မွေးဖွားခဲ့ပြီး မော်စကိုမြို့ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာဥပဒေဘွဲ့ ရရှိခဲ့သည်။သူသည် ၁၉၇၉ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အိုင်ယာလန်နိုင်ငံတွင် စလိုဗက်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် ယခုအခါ ထိုင်းနိုင်ငံဆိုင်ရာ စလိုဗက်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဗလာဒီမီယာ ဟယ်လ်ဂတ်စ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်လျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ သူသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းနိုင်ငံ Gunkul Public Group မှ Chairman of Board of Directors Mr.Ekaporn Rakkwamsuk နှင့်အဖွဲ့သည် မေ ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ထိုင်းနိုင်ငံ Gunkul Public Group မှ Chairman of Board of Directors Mr. Ekaporn Rakkwamsuk နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၅-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၂၅ ၉။ "အသိစိတ်ကလေး အရင်းတည်၍"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄း၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅း၂၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၉။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၆)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ "လျှပ်တစ်ပြက်ဟာသများ"
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၂၀)**
၁၉။ သီချင်းချစ်သူ (ဇင်မင်းခန့်)
၂၀။ အစီအစဉ်ပြီး၏။

❖ ဂျပန်မြေငလျင်မှ

သိပ္ပံပညာရှင်အဖွဲ့၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၌ မတ် ၁၁ ရက်က အင်အားပြင်းထန်သော မြေငလျင် မလှုပ်မီ ရက်ပိုင်းအလိုတွင် မြေငလျင်ဗဟိုချက်ဖြစ်လာမည့် နေရာဒေသအထက် လေထုလွှာ၏ အိုင်အိုနိုစပီးယား အလွှာအတွင်း အီလက်ထရွန်ပါဝင်မှု ရုတ်ခြည်းမြင့်တက်လာခဲ့ကြောင်း၊ အထူးသဖြင့် မတ် ၈ ရက်တွင် အီလက်ထရွန်ပါဝင်မှု အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သုတေသနလေ့လာချက်တွင် ဖော်ပြသည်။

မြေငလျင် ဗဟိုချက်ဖြစ်လာမည့် နေရာဒေသအထက် လေထုလွှာအတွင်း အနီအောက်ရောင်ခြည်လှိုင်း ထုတ်လွှတ်မှုများ အလွန်များပြားခဲ့သည်ကို ဂြိုဟ်တုသတင်းအချက်အလက်များအရ သိရှိရကြောင်း အူဇူနော့က ပြောကြားသည်။

လေထုလွှာအတွင်း အနီအောက်ရောင်ခြည်လှိုင်းများ ပိုမိုများပြားလာခြင်းဖြင့် လေထုလွှာအတွင်း အပူချိန်မြင့်တက်မှု လျင်မြန်စွာ ဖြစ်ပေါ်စေသည်ဆို၏။

အင်အား ၉ အဆင့်ရှိ ဂျပန်မြေငလျင်သည် ခေတ်သစ်သမိုင်းတွင် အပြင်းထန်ဆုံး မြေငလျင်ဖြစ်ပြီး မြေငလျင်ဆိုင်ရာ လေ့လာချက်များပြုလုပ်ရန် အခွင့်အခါတစ်ရပ် ဖြစ်သည်။

နာဆာ သိပ္ပံပညာရှင်များ၏ အထက်ပါ လေ့လာတွေ့ရှိချက်သည် ပဏာမအဆင့်တွင်သာရှိသော်လည်း မြေငလျင်ဆိုင်ရာ သုတေသီများအတွက် အလွန်အရေးပါသော လေ့လာချက်ဖြစ်သည်။

အင်တာနက်။

ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဝန်ထမ်းများ မေ ၂၄ ရက်က ဗိုလ်ချုပ်လမ်းရှိ လမ်းမီးတိုင်များအား ဆိုဒီယမ်မီးလုံးများ အစားထိုးလဲလှယ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာဆွေးနွေးပွဲ မြဝတီ၌ကျင်းပ

မြဝတီ မေ ၂၆

မြဝတီခရိုင် မြဝတီမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၄ ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး**(အောက်ဝဲပုံ)** က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အခွန်ဦးစီးဌာနမှူး ဦးမင်းလွင်ဦးက အခွန်ဆိုင်ရာ လိုက်နာရမည့်အချက်များအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးတင့်က ဝင်ငွေအခွန်အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေး

ယင်းနောက် အခွန်ထမ်းပြည်သူများက မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။ (၅၇၀)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ကြေညာချက်

- ❖ သင့်ဇနီးနှင့် မိသားစုများက သင့်အိမ်အပြန်အလာကို စောင့်ကြိုနေပါသည်။
- ❖ ခရီးသည်ယာဉ်များ ခေါင်မိုးပေါ်၊ ဘေးတွယ်၊ နောက်တွယ် မစီးရ။
- ❖ လုပ်ငန်းလိုင်စင်မရှိဘဲ အခကြေးငွေယူ၍ ခရီးသည်တင်ဆောင်ခြင်းမပြုရ။
- ❖ ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်၍ စီးရမည်။
- ❖ ဆိုင်ကယ်စီးရာတွင် လူနှစ်ဦးထက်ပိုမစီးရ။
- ❖ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရပါက ဆေးရုံသို့ အမြန်ပို့ပါ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မိုးဦးကာလ သတိပြုကြ မိုးလေဝသ

ချစ်ကျော်(မိုး/ဇလ)

မကြာမီ အနောက်တောင်မုတ်သုံရာသီလေသည် မြန်မာနိုင်ငံတောင်ပိုင်း၊ ထိုမှတစ်ဆင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ သည့်နောက် မြန်မာနိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်း စသည်ဖြင့် တစ်ပြည်လုံးသို့ တစ်ဆင့်ပြီးတစ်ဆင့် ဝင်ရောက်တော့မည်ဖြစ်ပါသည်။

မုတ်သုံဝင်ရင် ဘာတွေများဖြစ်ပါလိမ့်မည်ဟု တွေးတောမေးမြန်းစရာရှိပါသည်။ မုတ်သုံဝင်လျှင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှာ တိုက်ခတ်သည့်လေများသည် ပရမ်းပတာမတိုက်တော့ဘဲ အနောက်တောင်ဘက် တစ်ခုတည်းမှသာ တိုက်ခတ်ပါတော့သည်။ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်းများ လျော့ကျသွားပါသည်။ မုတ်သုံမိုး ပုံမှန်ရွာမည့်ကာလ ဖြစ်ပါသည်။ စိုးရိမ်ဖွယ် မရှိနိုင်တော့ပါ။

မုတ်သုံမဝင်ခင်မှာ ဘာတွေဖြစ်တတ်သနည်း

ယခုကာလသည် အဆိုပါ မေးခွန်းမေးမြန်းရန် လိုအပ်သောကာလဖြစ်ပါသည်။ ထိုအချက်သည် မုတ်သုံလေဝင်ရောက်မှု၏ လက္ခဏာတစ်ရပ်လည်းဖြစ်ပါသည်။ နည်းနည်းလေးချဲ့ထွင်ရှင်းပြလိုသည်မှာ မုတ်သုံလေဝင်ရောက်ခြင်းသည် အရှေ့မြောက်မှ ဆောင်းမုတ်သုံလက်ကျန်လေများကို အနောက်တောင်ဘက်မှ နွေမုတ်သုံလေကို သယ်ဆောင်လာသော လေများက ပြန်လည်တွန်းလှန်သော



ပုံ(၁) မုတ်သုံလေဝင်ရောက်မှု လေများ ဆန့်ကျင်တိုက်ခတ်ပုံ။

ကာလဖြစ်ပါသည်။

ပုံ(၁)အရ ကြည့်လျှင် မတူညီသော အရပ်မျက်နှာနှစ်ခုမှ လေများ မျက်နှာချင်းဆိုင်တိုက်ရသဖြင့် အဆိုပါ လေများဆုံသောနေရာနှင့် အနီးတစ်ဝိုက်တွင် လေများမတည်ငြိမ်၊ ဦးတည်ဘက်အမျိုးမျိုးမှ တိုက်ခတ်ပါသည်။ မိုးလေဝသစကားရပ်မှာ- အဆိုပါနေရာများတွင် လေထုမငြိမ်မသက်မှုဖြစ်နေသည်ဟု ဆိုပါသည်။

ပုံ(၂)အရ မျက်နှာချင်းဆိုင်လေတိုက်ခတ်လျှင် လေများသည် အထက်သို့ ရုတ်ခြည်းထိုးတက်တိုက်ခတ်ကြောင်း တွေ့မြင်နိုင်ပါသည်။ ပုံတွင် (C)ဟုဖော်ပြထားသောနေရာများသည် အတန်းလိုက်တည်နေပြီး အဆိုပါနေရာများတွင် မိုးတိမ်တောင်ကြီး တန်းစီဖြစ်ပေါ်လာပါတော့သည်။ မိုးတိမ်တောင်ကြီးပေါင်းရုံးဖြစ်ပေါ်လာသည်နှင့် အဆိုပါ တိမ်တောင်ကြီးများ ရွေ့လျားရာတစ်လျှောက် မြေပြင်တွင် လေများ ပရမ်းပတာ ပြင်းပြင်းထန်ထန် တိုက်ခတ်ပါသည်။ တစ်ခါတစ်ရံ လေတိုက်နှုန်း မိုင် ၄၀ ကျော်ပါသည်။ မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်ခြင်းတို့ ဖြစ်ပေါ်ပါသည်။ အထက်ပါ ဖြစ်စဉ်များသည် နံနက်ပိုင်း/နေ့လယ်ပိုင်းတို့တွင် ဖြစ်ပေါ်ပါက အင်အားနည်းပါသည်။ မွန်းလွဲ/ညနေပိုင်းများတွင် ဖြစ်ပေါ်ပါက အင်အားပိုပြင်းထန်ပါသည်။ ယခု မေလ ၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲကြားတွင် မုတ္တမကွေ့ မွန်ပြည်နယ် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်မှာ ယခုရှင်းလင်းတင်ပြနေသော ဖြစ်စဉ်မျိုးဖြစ်ပါသည်။

အဆိုပါ ဖြစ်စဉ်ဖြစ်သည့်နေရာများသည် တဖြည်းဖြည်း မြောက်ဘက်သို့ တိုးပြီး ဖြစ်ပေါ်နိုင်ပါသည်။ မုတ်သုံလေဝင်ရောက်မည့်ကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသများ၌ မေလ ၁၇ ရက်နေ့မှ မေလ ၂၁ ရက်နေ့အတွင်း၊ အလယ်ပိုင်းဒေသများတွင် မေလ ၂၂ ရက်နေ့မှ မေလကုန်အတွင်း လေထုမငြိမ်မသက်မှုနှင့် ဆန့်ကျင်လေများ တိုက်ခတ်မှုကြောင့်ဖြစ်ပေါ်လာမည့် ထစ်ချုန်းမိုးသက်လေပြင်း ဖြစ်စဉ်များကို ပင်လယ်ရေကြောင်းခရီး အသုံးပြုသူများအနေဖြင့် အထူးသတိပြုရှောင်ရှားကြရန်နှင့် နီးစပ်ရာ မိုးလေဝသရုံးများသို့ မေးမြန်းသတင်းရယူပြီးမှ သွားလာသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။



ပုံ(၂) (A)အရပ်နှင့် (B) အရပ်မှ လေများ မျက်နှာချင်းဆိုင် တိုက်သဖြင့် အထက်ဘက် (C) အရပ်သို့ လေများ ပင့်တင် တိုက်ခတ်ပုံ။

အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်နှင့် မြင်းခြံမြို့နှင့် မကွေးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကော့ကရိတ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ မော်လမြိုင်မြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဥတုရာသီတောက်ပုံမှိုင်

(This heading is followed by no further text on the page.)

ပြည်သူ့ထံမှ ပေးစာများ

လမ်းပေါ်ဈေးရောင်းချမှု စိစစ်ပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းပေါ်ရှိ ဂွဈေးအနီး လမ်းမပေါ်၌ သားငါးများစည်းကမ်းမဲ့ရောင်းချနေသောကြောင့် ယာဉ်ကြောပိတ်ဆို့ပြီး ခရီးသွားများနှင့်ကားများ သွားလာရေး ခက်ခဲလျက်ရှိပါသည်။

ထို့အပြင် အမှိုက်နှင့် အညစ်အကြေးများ စည်းကမ်းမဲ့စွာ စွန့်ပစ်ထားကြရာ ပတ်ဝန်းကျင်နေသူများ အညှီနံ့များကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေး ထိခိုက်ရပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးရှူရှိုက်နေရသူများ

အမှိုက်ပုံရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ခေမာသီလမ်း ဝေပုလ္လအိမ်ရာ တိုက်အမှတ်(A1)ရှေ့ရှိ အမှိုက်ပုံကြီးမှ နေ့စဉ်အနံ့ဆိုးများကြောင့် တိုက်ခန်းနေသူများ၏ ကျန်းမာရေးထိခိုက်စေပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

လပြည့်လကွယ်ဥပုသ်နေ့ ဈေးဖွင့်ပေးစေလို

စာတည်းခင်ဗျား-

ကသာမြို့ရှိ 'မြို့မဈေး' နှင့် 'သီရိခေမာဈေး'တို့မှာ ယခင်က လပြည့်၊ လကွယ် ဥပုသ်နေ့များတွင် မြို့မဈေးတစ်ဈေးသာ ပိတ်ခဲ့သော်လည်း ယခုအခါ ဈေးနှစ်ဈေးလုံးပိတ်သည့်အတွက် ဘူတာလမ်းသွယ်၌ ဈေးခင်းရောင်းချကြရပါသည်။ ဈေးရောင်းချရာ၌ ဈေးသည်အချင်းချင်း နေရာလု၍ ခိုက်ရန်ဖြစ်ပွားမှုများရှိသကဲ့သို့ ဈေးဝယ်များမှာလည်း တိုးဝှေ့ဝယ်ယူကြရပါသည်။ သို့ဖြစ်ပါ၍ လပြည့်၊ လကွယ် ဥပုသ်နေ့များတွင် ဈေးတစ်ဈေးသာ ပိတ်ပေးပါရန်တင်ပြအပ်ပါသည်။

ကသာမြို့သား

ငါ့နှမလေးပွသွားပြီ ဆက်လက်ပြသ

ရန်ကုန် မေ ၂၆

မြန်မာရုပ်ရှင်ချစ်ပရိသတ်များအတွက် ယခုသောကြာပတ် မေ ၂၇ ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲဇာတ်ကားဖြစ်သည့် **ငါ့နှမလေးပွသွားပြီ** မြန်မာဟာသဇာတ်ကားသာ ဆက်လက်ပြသမည်ဖြစ်သည်။

ဇာတ်လမ်းမှာ စည်းစနစ်ကြီးပြီး သမီးပျိုနှစ်ဦးရှိသည့် ကုမ္ပဏီပိုင်ရှင်ကြီးနှင့် ၎င်းသမီးပျိုနှစ်ဦးကို လူငယ်သဘာဝ ပိုးပန်းကြပုံ၊ အရိပ်တကြည့်ကြည့်ရှိနေသည့် ဖခင်မျက်စိအောက်မှာပင် ချစ်သူများဖြစ်သွားပြီး နောက်ဆုံး ဘဝကြင်ဖော်ဖြစ်သွားကြပုံကို ဟာသဉာဏ်ကွန့်ပြီး ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာမှာ ခတ်ပုံပညာရှင်တစ်ဦးလည်းဖြစ်ပေရာ

ငါ့နှမလေး ပွသွားပြီ မြန်မာ ဟာသ ဇာတ်ကား မှ မင်းမော်ကွန်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ။

ဇာတ်လမ်းအရသာမက ခတ်ပုံပညာရှုထောင့်ကပါ လွတ်ကွက်ဟာကွက် မရှိရလေအောင် ရိုက်ကူးထားသည့် မြန်မာဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ မင်းမော်ကွန်း၊ ခန့်စည်သူ၊ စိုးမြတ်သူဇာ၊ စိုးပြည့်သဇင်၊ Jenny၊ ပွင့်၊ ပြည့်စုံအောင်၊ ဇေယျာခိုင်၊ မေတ္တာ၊ မော့စ်၊ ညီဂျော်၊ မိုးဒီ၊ ဇင်မျိုး၊ ငြိမ်းချမ်းနှင့် ဝက်မတို့ ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာရုံ သုံးရုံအပြင် မော်တင်ဂျန်းရှင်း၊ Top Royal ရုံများတွင်ပါ ပြသမည်ဖြစ်သည်။

ဒီဗွီဒီဇာတ်ကားကြည့်ရှုလိုသည့် ရုပ်ရှင်ပရိသတ်များအတွက် ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ရိုက်ကူးပြီး နေတိုး၊ သက်မွန်မြင့်တို့ခေါင်းဆောင်ပါဝင်သည့် မေတ္တာဘွဲ့ဟာသဇာတ်ကား **အချစ်+အချစ်** ဇာတ်ကားကို နဝဒေးနှင့် မဟာမြိုင်ရုံများ၌ ပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရွှေဆောင်ရုံတွင် ပြသမည့် I AM NUMBER FOUR ဇာတ်ကား (**အပေါ်ပုံ**)မှာ ရန်သူများက သတ်ဖြတ်ရန် လိုက်လံရှာဖွေနေသည့် လူငယ်တစ်ဦးမှာ အခြားသူငယ်ချင်းသုံးဦး သေဆုံးသွားပြီဖြစ်သော်လည်း ပြေးလွှားရင်း စွမ်းအားသစ်များရရှိလာပြီး ရန်သူများအား ပြန်လည်ရင်ဆိုင်နိုင်ပုံကို ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ပြသမည့် THOR ဇာတ်ကားမှာမူ လူသားကမ္ဘာမှ အစပြုကာ လောကကိုးခုကို သိမ်းပိုက်ရန်ကြံစည်သော ဂျိုဟွန်တိုင်းပြည်မှ ဘုရင်လော်ဖီနှင့် စစ်သည်တို့အား ဟန့်တားစစ်တိုက်ခိုက်သည့် အက်စ်ဂတ်ပြည်၏ ဘုရင်အိုဒင်းတို့ကို ဇာတ်လမ်းဖွဲ့ထားသည့် ရှေးဟောင်းဒဏ္ဍာရီလာ ဇာတ်ဆန်းကားတစ်ကား ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် မေ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန်သည် ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ပေးယွန် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

တက်ရောက်

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ အရိုးရောဂါအထူးကုဆေးရုံကြီး သုံးထပ်လူနာဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၆

မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် ပြည်သူများနှင့်အတူ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များအနေဖြင့် မိမိကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်နေသည်ကို လေးစားဂုဏ်ပြုရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝအဆင့်အတန်း မြင့်မားလာစေရေးအတွက် လူမှုရေးလုပ်ငန်းများဆောင်ရွက်ရန် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုအဖြစ် ၁၉၉၁ ခုနှစ် ဧပြီ ၃၀ ရက်တွင် ဥပဒေနှင့်အညီ ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း ဖြန့်ကြက်ကာ မိခင်များနှင့် ကလေးများအားအခြေပြု၍ မိသားစု ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးပြည့်ဝစေရေးအတွက် ဆောင်ရွက်နေကြသော အသင်းဝင်အားလုံး၏ ကြိုးမားမြင့်မြတ်သော စေတနာနှင့် လုပ်ငန်းများကို သိမြင်နိုင်ကြမည်ဖြစ်ကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မေ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအခမ်းအနား၌ အမှာစကားပြောကြားခဲ့သည်။

အပ်နှံ

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးမှ ချီးမြှင့်သည့် ထူးချွန်ဆုများကို တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အပ်နှံသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက မိခင်နှင့်ကလေး လှုပ်ရှားမှုထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ပံ့ပိုးငွေများကို ခရိုင်အဖွဲ့များသို့ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အစည်းအဝေး၌ ခင်းကျင်း ပြသထားမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ပန္နက်တင်

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၆ ရက် နံနက် ၉ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အရိုးရောဂါအထူးကုဆေးရုံကြီး၌ ကျင်းပသော ခါးပိုင်းဆိုင်ရာ ခုတင် (၅၀) ဆံ့ သုံးထပ် လူနာဆောင် ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ပင်မပန္နက်တိုင်ကို ပန္နက်တင်ပေးသည်။

ဆက်လက်၍ အဆောင်သစ် ဆောက်လုပ်ရေးအတွက် Adan Tun နှင့် သူငယ်ချင်းများက ငွေကျပ်သိန်း ၂၀၀၀၊ ကျော်သာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးဝင်းလွင်က ငွေကျပ် သိန်း ၁၀၀၀၊ TZU CHI MERITS (Buddhist) အဖွဲ့က အမေရိကန်ဒေါ်လာ ၂၀၀၀၀၊ ဟောင်ကောင် ဆရာတော် SEK YEE CHIU(Hong Kong) က အမေရိကန်ဒေါ်လာ ၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံပြီး ဆေးရုံဒီဖိုင်းရေးဆွဲပေးသော ပညာရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စေတနာရှင် အလှူရှင်များက လှူဒါန်းသော စင်ကာပူဒေါ်လာ ၃၀၀၀ နှင့် အလှူငွေကျပ် ၁၂၂ သိန်းကို တိုင်းဒေသကြီးဝန်ကြီးများက လက်ခံကြသည်။ ယနေ့ အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၃၁၂၂ သိန်း၊ အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့် စင်ကာပူဒေါ်လာ ၃၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ Girls Generation ဒုတိယအကြိမ်အာရှခရီးစဉ် ဖျော်ဖြေမည်

တောင်ကိုရီးယားနိုင်ငံနှင့် အာရှတစ်ဝန်းတွင် နာမည်ကျော်ရေပန်းစားနေသော ကိုရီးယားလှပျိုဖြူလေးများဖြင့် စုဖွဲ့ထားသည့် ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ Girls Generation(**ဝဲပုံ**)သည် အာရှခရီးစဉ်ကို ဒုတိယအကြိမ်အဖြစ် လှည့်လည် ဖျော်ဖြေမည်ဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

စတင်ဖျော်ဖြေ

မေ ၂၅ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၏ သတင်းထုတ်ပြန်ချက်အရ အဖွဲ့ဝင်ကိုးဦး ပါဝင်သော Girls Generation အဖွဲ့သည် ၎င်းတို့၏ ဒုတိယအကြိမ် အာရှခရီးစဉ်ကို "၂၀၁၁ ခုနှစ် Girls Generation ၏ ခရီးစဉ်" ဟု အမည်ပေးထားပြီး တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စတင်ဖျော်ဖြေမည်ဖြစ်သည်။ ယင်းနောက် အာရှမြို့ကြီးများဖြစ်သည့် (တရုတ်)တိုင်ပေနှင့် တရုတ်နိုင်ငံ နန်ကျင်းမြို့များအပါအဝင် အခြားအာရှမြို့ကြီးများတွင် ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။ ယင်းတေးဂီအဖွဲ့သည် ပထမအကြိမ် အာရှခရီးစဉ်ဖျော်ဖြေပွဲကို ပြီးခဲ့သည့် ဒီဇင်ဘာလက ဆိုးလ်မြို့၊ ရှန်ဟိုင်းမြို့နှင့် ဗန်ကောက်မြို့များသို့ လှည့်လည်ဖျော်ဖြေခဲ့သည်။

ရေပန်းစား

Girls Generation ပေါ့ပ်တေးဂီတအဖွဲ့သည် ၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး Into the New World ဟူသော ၎င်းတို့၏ ပထမဆုံးတေးအယ်လ်ဘမ်ဖြင့် အာရှတစ်လွှားတွင် နာမည်ရခဲ့သကဲ့သို့ Gee၊ Genie နှင့် Oh! ဟူသော တေးသီချင်းများမှာလည်း ရေပန်းစားခဲ့သည်။

ယင်းတေးဂီတအဖွဲ့သည် လွန်ခဲ့သည့်နှစ်ကလည်း ဂျပန်နိုင်ငံ အိုဆာကာမြို့၊ တိုကျိုမြို့၊ ဟီရိုရှီးမားမြို့၊ နာဂိုရာမြို့နှင့် ဖူကူအိုကာမြို့များသို့ သွားရောက်၍ ဂီတဖျော်ဖြေပွဲ ၁၀ ပွဲ ဖျော်ဖြေတင်ဆက်ခဲ့သည်။

အင်တာနက်။

ကိုရီးယားဇာတ်လမ်းတွဲ Midas ပြည်ပနိုင်ငံများသို့ ရောင်းချ

ကိုရီးယားမင်းသား ဂျန်ဟော့နှင့် မင်းသမီး လီမင်ဂျန်တို့ အဓိကပါဝင်သရုပ်ဆောင်ထားသည့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ Midas ကို ပြည်ပနိုင်ငံများသို့ ရောင်းချခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရောင်းချ

ကိုရီးယားရုပ်သံလိုင်း အက်စ်ဘီအက်စ်မှ တာဝန်ရှိသူတစ်ဦးက ယင်းဇာတ်လမ်းတွဲကို အမေရိကန်ပြည်ထောင်စု၊ ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ ရောင်းချခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

ယခုလောလောဆယ် ယင်းရုပ်သံဇာတ်လမ်းတွဲကို အမေရိကန်ပြည်ထောင်စု၌ ထုတ်လွှင့်ပြသလျက်ရှိပြီး ဟောင်ကောင်နှင့် ဗီယက်နမ်တို့တွင်လည်း ယခုလအတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ ယင်းဇာတ်ကားကို ဖေဖော်ဝါရီလလယ်ကလည်း စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ ကြိုတင်ရောင်းချထားပြီး ဖြစ်သည်။ ***အင်တာနက်။***

အောဝမ်းစိုး

နီကွန်ကင်မရာပစ္စည်းသစ် ရှင်းလင်းပြသ

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ မြန်မာနိုင်ငံဓာတ်ပုံအသင်း (MPS)တွင် Nikon Singapore Pte., Ltd. နှင့် Special Style Photo & Electronics တို့ ပူးပေါင်းကျင်းပသည့် DSLR အမျိုးအစားသစ် Nikon D 7000 Product Training Photo Talking Point Ceremony အတွက် မိတ်ဆက်ပွဲအခမ်းအနားကို မေ ၂၃ ရက်က ကျင်းပရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းနာယက၊ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အထွေထွေမန်နေဂျာ ဒေါ်ဥမ္မာက အမှာစကားပြောကြားသည်။ သရုပ်ပြပွဲတွင် မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင် ဦးကျော်ကျော်ဝင်း (MPS)က မြန်မာနိုင်ငံဓာတ်ပုံအသင်းတွင် ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ သရုပ်ပြရှင်းလင်းခြင်း၊ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း၊ တက်ရောက်လေ့လာသူများကိုယ်တိုင် ရိုက်ကြည့်ခြင်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများ Special Style Photo & Electronics အမှတ်(၁၈၄-၁၉၂) အခန်းအမှတ် B-၁ နှင်းဆီကွန်ဒိုဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၁၃၈၊ ၃၉၇၆၁၇ နှင့် ၄၄၁၂၆၀၉ တို့သို့ ပေးပို့စာရင်းသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပျိုးဥယျာဉ်အတွင်းရှိ ပျိုးပင်များ ပျိုးထောင်ရန်အတွက် ပျိုးထုပ်များထုပ်ပိုးဆောင်ရွက်နေမှုကို မေ ၁၈ ရက်က ဦးစီးအရာရှိ ဒေါ်သီတာခိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၁) ကျင်းပ

နေပြည်တော် မေ ၂၆

ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၁)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျောင်းသုံးဖတ်စာအုပ်များရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပုံနှိပ်ပြီး ကျောင်းသုံးဖတ်စာအုပ်များကို သက်ဆိုင်ရာဒေသအသီးသီးသို့ ပို့ဆောင်ပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ လက်ဝယ်သို့ အချိန်မီ ရောက်ရှိအောင် ဖြန့်ချိပေးရေး၊ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များကို ယခင်နှစ်များနည်းတူ ၂၀၁၂ ခုနှစ် မတ် ၁၅ ရက်တွင် ပြီးစီးအောင် အချိန်မီပုံနှိပ်ရေး၊ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ စာအုပ်သိုလှောင်ရုံများသို့ စနစ်တကျ ပို့ဆောင်ရေး၊ ပျက်စီးလေလွင့်မှုမရှိအောင် ထိန်းသိမ်းရေးနှင့် ကျောင်းသုံးဖတ်စာအုပ်များ လက်ဆင့်ကမ်းသည့်စနစ်ကို ပိုမိုကျယ်ပြန့်အောင် ကျင့်သုံးဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ၂၀၁၀ ခုနှစ် မေ ၂၄ ရက်တွင် ကျင်းပခဲ့သော အစည်းအဝေးမှတ်တမ်း၊ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြပြီး ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ဖြန့်ချိဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးဖတ်စာအုပ်များကို ကျောင်းသား၊ကျောင်းသူများ လက်ဝယ်သို့ အချိန်မီရောက်ရှိစေရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ယခင်နှစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လာမည့်နှစ်ဆောင်ရွက်ရမည့် အစီအမံများနှင့် အချိန်မီဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ယခုနှစ်ထုတ်လုပ်သည့် ကျောင်းသုံးဖတ်စာအုပ်များအား အရည်အသွေးကောင်းမွန်အောင် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရိုက်နှိပ်ပြီးကျောင်းသုံးဖတ်စာအုပ်များ သိုလှောင်မှုအခြေအနေ၊ ပို့ဆောင်မှုအခြေအနေနှင့် ပုံနှိပ်စက်ရုံများတွင် လျှပ်စစ်မီးရရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၁၁ (သောကြာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်+မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အမေ့ဖြစ်အင်မြင်စေချင်" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၄)**
- ၈း၅၀ "ဘဝဆည်းဆာအလှူရှင်များ၏ နားခိုရာ"
- ၉း၀၅ Activities In The City
- ၉း၁၅ ကြည်ညိုစွာဖူးမြော် ဆုတောင်းပြည့် သဗ္ဗဇယအောင်စေတီတော်
- ၉း၃၀ Movie Talk
- ၁၀း၀၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
- ၁၀း၁၅ ဖောင်ကြီး အထက၏ မြင့်မြတ်ပေစွ ဆရာ့ဘဝ
- ၁၀း၃၀ ဖက်ရှင်လမ်းညွှန်
- ၁၀း၅၅ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၁း၂၅ ပါမောက္ခခင်မောင်ဝင်း(အသည်း) ရှင်းလင်းတင်ပြသော အသည်းခြောက်ရောဂါ
- ၁၁း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ မြန်မာအက္ခရာ အသုံးပြုနိုင်သော. . CDMA Mobile Phone
- ၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁း၀၀ "အမေ့ဖြစ်အင်မြင်စေချင်" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၄)**
- ၅း၀၅ NIBBAN Dealer's Night
- ၅း၂၅ အနာဂတ်အတွက် လမ်းပြမီးအိမ်
- ၅း၃၅ MNL Preview
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၇)**
- ၇း၂၀ The Champion of Dance
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Activities In The City
- ၈း၄၀ ဂီတသရုပ်ပြခန်း
- ၉း၁၀ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၅)**
- ၁၀း၂၀ VJ Choice
- ၁၀း၅၀ ဒွါဒသမတိပိဋကဓရ၊ တိပိဋကကောဝိဒဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ မွေးဖွားတော်မူရာ (ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ)
- ၁၁း၁၅ World of Knowledge
- ၁၂း၀၀ မွန်တို့မြေမှ ရှေးဟောင်းအမွေ အနှစ်တို့တည်ရှိရာ
- ၁၂း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁၂း၄၀ မြို့အလှဂုဏ်ကြွယ်. . . ရိုးရာစားဖွယ်
- ၁၂း၅၀ လှပသစ်ဆန်းအလှပြင်ခန်း
- ၁း၁၀ ဘဝအမောပြေပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁း၃၀ Shooting Location
- ၁း၄၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၂း၀၀ အိုက်ကီဒိုနှင့်သမီးပျို
- ၂း၁၅ ထင်ရှားကျော်ကြား ရွှေဘိုပေါ်ဆန်းဘေးကြား
- ၂း၃၀ သာယာလှပတောင်ပေါ် ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
- ၂း၅၀ မြန်မာ့လက်မှုအနုပညာ
- ၃း၀၅ ကဏ္ဍစုံလင် အားကစား အစီအစဉ်
- ၄း၀၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၄း၄၅ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ် ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်

မွန်ပြည်နယ် ဝန်ကြီးချုပ် တရားရေးဝန်ထမ်းများနှင့် တွေ့ဆုံ၊ ကျောင်းအပ်နှံရေးနေ့အခမ်းအနားနှင့် သူနာပြုဒီပလိုမာ ဦးဆောင်း/ဝတ်စုံအပ်နှင်းပွဲများ တက်ရောက်

နေပြည်တော် မေ ၂၆

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်တရားလွှတ်တော်ရုံး၌ တရားရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဥပဒေလုပ်ထုံးလုပ်နည်း၊ တရားစီရင်ထုံးများကို ကျေညက်စွာ ဖတ်မှတ်လေ့လာထားရန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ချမှတ်ပေးသည့် တရားစီရင်ရေးဆိုင်ရာ မူဝါဒများကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်သွားရန်စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တည်ဆောက်ပြီးစီးသော ပြည်နယ်တရားလွှတ်တော်ရုံး တိုးချဲ့ဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၅ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မော်လမြိုင်မြို့ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ လူတိုင်းအတွက်ပညာရေး(Education for all)ဖြစ်ရန် နိုင်ငံတော်က မူလတန်းပညာပြီးမြောက်အောင်မြင်သည်အထိ သင်ယူနိုင်ရန် မသင်မနေရ ပညာရေးစနစ်ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေးအတွက် မိဘဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်းနှင့် ကွင်းရပ်ရှိ တောင်ကုန်းကျောင်း အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများသို့ တက်ရောက်အားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့ နံနက် ၈ နာရီတွင် မော်လမြိုင်သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသော သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အပတ်စဉ်(၃၆) သူနာပြုဒီပလိုမာ ဦးဆောင်း/ဝတ်စုံ အပ်နှင်းပွဲနှင့် အပတ်စဉ်(၅၉) ဘက်စုံသားဖွားသစ်လွင် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဒေါ်မြမြညိုက ဦးဆောင်း/ဝတ်စုံအပ်နှင်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများက အပတ်စဉ်(၃၆) သူနာပြုဒီပလိုမာ သင်တန်းသား၊ သင်တန်းသူများအား ဦးဆောင်း/ဝတ်စုံများကို အပ်နှင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ် ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့က သင်တန်း၌ ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက မော်လမြိုင်သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ပညာသင်ထောက်ပံ့

ရန်ကုန် မေ ၂၆

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၀ ရက်က ပုဇွန်တောင်မြို့နယ်(၅၁)လမ်းရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့ ယာဉ်ထိန်းဌာနခွဲမှူး ရဲမှူးစိန်ထွန်းက ပညာသင်ထောက်ပံ့ငွေပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရဲမှူးစိန်ထွန်းနှင့် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်ဝသန်ငြိမ်းချမ်းတို့က တက္ကသိုလ်အဆင့် ၂၇ ဦး၊ အထက်တန်းအဆင့် ၄၀၊ အလယ်တန်းအဆင့် ၈၁ ဦးနှင့် မူလတန်းအဆင့် ၁၄၈ ဦးတို့အတွက် ပညာသင်ထောက်ပံ့ငွေ ကျပ် ၂၁၅၂၅၀၀ ကို ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** (ယာဉ်ထိန်းတပ်ဖွဲ့)

နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ ဂျော့ရှ်တောင်းတက္ကသိုလ်မှ ပါမောက္ခ David I. Steinberg သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာပံ့ပိုးကူညီရေးကိစ္စရပ်များနှင့် ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ ဂျော့ရှ်တောင်းတက္ကသိုလ်မှ ပါမောက္ခ David I. Steinberg လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ လှူဒါန်းပွဲ လားရှိုးမြို့၌ ကျင်းပ

နေပြည်တော် မေ ၂၆

ရှမ်းပြည်နယ် လားရှိုးမြို့ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်နှင့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများလှူဒါန်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက အမှာစကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် မူလတန်းအဆင့် ကျောင်းသုံး ပုံနှိပ်စာအုပ်အစုံ ၁၈၀၅၂၇ စုံ၊ ကာလတန်ဖိုးငွေကျပ် ၆၉၉၈၈၈၂၀ နှင့် ဗလာစာအုပ်ဒါဇင် ၉၅၀၀ ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (စစ်ဆေး) ဒေါ်ခင်မြသန်းက လက်ခံသည်။

ယင်းနောက် အလှူရှင်များက စာရေးကိရိယာများ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံအစုံ ၂၅၀၊ ပရိဘောဂနှင့် မီဒီယာပစ္စည်းများအတွက် စုစုပေါင်း လှူဒါန်းငွေကျပ် ၆၇၉၆၈၀၀ နှင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် စာအုပ်နှင့် စာရေးကိရိယာတန်ဖိုး ငွေကျပ် ၉၉၉၀၀ ပေးအပ်လှူဒါန်းကြပြီး လက်ထောက် ပြည်နယ်ပညာရေးမှူး (စီမံ) ဒေါ်ခင်စန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၂၅ ရက်က နေပြည်တော်ရှိ ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည့် နည်းပညာမြင့်မားရေး ညှိနှိုင်းအစည်းအဝေးတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ဆွေးနွေးမှာကြားစဉ်။ (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဦးကြိုင်-ဒေါ်လေးလေးမိသားစုက ဦးကြိုင်၏ (၇၅)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာလေးပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရို လေးစုံအတွက် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ASEAN Furniture Industrial Council Working Committee အစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ပရိဘောဂလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ကိုလတ်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ မေ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် ASEAN Furniture Industrial Council Working Committee လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(ယာပုံ)

အဆိုပါအစည်းအဝေးတွင် ASEAN နိုင်ငံများအတွင်း ပရိဘောဂ ထုတ်လုပ်သော နိုင်ငံများနှင့် နိုင်ငံတကာ ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Denk Phama ဆေးဝါးများ ဖြန့်ချိသည့် အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ Chatrium Hotel တွင် မေ ၁၆ ရက်က ဂျာမနီနိုင်ငံ Denk Phama ကုမ္ပဏီမှ ထုတ်လုပ်သောဆေးဝါးများကို T.T.Oကုမ္ပဏီမှ ထုတ်လုပ်တင်သွင်းဖြန့်ချိသည့် (၁၀)နှစ်မြောက် အထိမ်းအမှတ်နှင့် ဆေးဆိုင်ပိုင်ရှင်များ ဂုဏ်ပြုသည့် အခမ်းအနားကျင်းပရာ **(အောက်ပုံ)** အရောင်းကိုယ်စားလှယ်ကြီးများနှင့် ဈေးများအလိုက် ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ဆုများအား ပေးအပ်ချီးမြှင့်သည်။ ကုမ္ပဏီထုတ်ဆေးများကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၆၀ သို့ တင်ပို့ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံတွင် ဆေးအမျိုးပေါင်း ၃၁ မျိုးဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

Denk Phama ကုမ္ပဏီထုတ်ဆေးဝါးများကို ဆက်သွယ်ဝယ်ယူလိုပါက T.T.O Trading Co., Ltd. အခန်းအမှတ်(၀၀၇) ယုဇနတာဝါ ရွှေဂုံတိုင် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၉၅၁၈ နှင့် ၀၁-၅၅၂၇၂၀ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

အင်းတော်မြို့နယ် မန်လည်ကျေးရွာတွင် လူသတ်မှုဖြစ်ပွား

အင်းတော် မေ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်ရဲစခန်းပိုင် မန်လည်ကျေးရွာတွင် မေ ၂၂ ရက်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အမှုမှာ မေ ၂၃ ရက် နံနက် ၈ နာရီတွင် တရားလို ဦးမောင်ဌေး အသက်(၄၆)နှစ် (တောင်သူ၊ မန်လည်မြောက်ရွာ)သည် နေအိမ်တွင် ရှိနေစဉ် မန်လည်ကျေးရွာ တောရကျောင်းအရိုးဂူနှင့် တောရစေတီကြား လှည်းလမ်းပေါ်တွင် ညီဖြစ်သူ ဝင်းဗိုလ် အသက်(၄၂)နှစ်(ကျပန်း၊ မန်လည်ရွာသစ်ကုန်း၊ အင်းတော်မြို့နယ်)မှာ ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသိရှိရ၍ ကျေးရွာလူကြီးများနှင့်အတူ သွားရောက်ကြည့်ရှုကြရာ ဝင်းဗိုလ်မှာ ဝမ်းဗိုက်၊ ညာဘက်လည်ပင်း၊ ညာဘက်ချိုစောင်းတို့တွင် ပေါက်ပြဲထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အင်းတော်ရဲစခန်းက (ပ) ၇၈/၂၀၁၁ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၂၃၃)

ယာဉ်တိုက်မိ၍ လူတစ်ဦးသေဆုံး

စစ်ကိုင်း မေ ၂၆

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် အနောက်ဘက်တာရိုးကြီးလမ်း နန္ဒာဝန်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးတွင် မေ ၂၃ ရက် နံနက် ၅ နာရီခန့်တွင် ပိုးတန်းရပ်ကွက်နေ ဦးစီစစ် အသက်(၆၇)နှစ်သည် ဆိုင်ကယ်ဟု ယူဆရသောယာဉ်ဖြင့် တိုက်မိ၍ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသရာ နံနက် ၁၀ နာရီတွင် ရရှိထားသော ဒဏ်ရာပြင်းထန်၍ ကွယ်လွန်ခဲ့ကြောင်း သိရပြီး အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ကိုင်းမြို့နယ် အမှတ်(၁) ရဲစခန်းမှ တာဝန်ရှိသူများက တရားခံ အမြန်ဆုံးဖမ်းမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၅၃၁)

ဟသ်ာတခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသ

နေပြည်တော် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဟသ်ာတခရိုင် စက္ကူပါလာဒိဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ဟသ်ာတခရိုင်အတွင်းမှ မျက်စိဝေဒနာရှင်များအား စတုတ္ထအကြိမ် အခမဲ့စမ်းသပ်ခွဲစိတ်ကုသခြင်းကို မေ ၂၀ ရက်မှ ၂၄ ရက်အထိ ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်ကုသပေးမည်

ယင်းမျက်စိစမ်းသပ် ခွဲစိတ်ကုသမှုကို ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာခင်စိုးအေး ခေါင်းဆောင်သော ၂၆ ဦးတို့က ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါရက်များအတွင်း မျက်စိဝေဒနာရှင်ပေါင်း ၄၄၈၁ ဦးအား စမ်းသပ်ပေးခဲ့ပြီး မျက်မှန်တပ်ဆင်ပေးသူ ၂၅၆၄ ဦးနှင့် ခွဲစိတ်ကုသသူ ၅၀၁ ဦးရှိကြောင်း သိရသည်။ ကျန်ရှိသော မျက်စိဝေဒနာရှင်များကိုလည်း စက္ကူပါလာဒိ ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာသန့်ဇင်နှင့် ဒေါက်တာဒေါ်ခိုင်ခိုင်မြင့်တို့က ဆက်လက်စမ်းသပ်ကုသပေးမည်ဖြစ်သည်။

ယခု အခမဲ့ စမ်းသပ်ခွဲစိတ်ကုသရာသို့ ပုသိမ်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ မျက်စိဝေဒနာရှင်များလည်း လာရောက်စမ်းသပ်ကုသမှု ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်လက်ဝှေ့အသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ GUIYANG မြို့၌ မေ ၂၉ ရက်မှ ဇွန် ၃ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေဇော် ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင်လက်ဝှေ့အသင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

မြန်မာ့လက်ရွေးစင်လက်ဝှေ့အသင်းအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်၊ အမှုဆောင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာ့လက်ရွေးစင် လက်ဝှေ့အသင်းတွင် နည်းပြဆရာများအဖြစ် မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားဟောင်းများဖြစ်ကြသော ဦးစိုးစိုးနှင့် ဦးမြင့်ထွန်း၊ လက်ဝှေ့သမားများအဖြစ် ဝေဖြိုးထွန်း(၄၉-ကီလိုတန်း)၊ မောင်မောင်သန့်(၅၂-ကီလိုတန်း)၊ စောကြီးနိုး(၅၆-ကီလိုတန်း)၊ ရဲနိုင်(၆၀-ကီလိုတန်း)၊ ဝေလင်းအောင်(၆၄-ကီလိုတန်း)၊ အောင်ကိုကို(၇၅-ကီလိုတန်း)၊ အမျိုးသမီးလက်ရွေးစင်များ ဖြစ်ကြသော နှင်းမို့မို့နိုင် (၅၁-ကီလိုတန်း) နှင့် ကြူကြူလှိုင်(၆၀-ကီလိုတန်း)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့လက်ရွေးစင်လက်ဝှေ့အသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (လက်ဝှေ့အဖွဲ့ချုပ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေလဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မေ ၂၂ ရက်က မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ အမျိုးသား (၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော စိုင်းအုပ်လွမ်းထက်စိုး အထက(၂) မူဆယ်မြို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးထွန်းငွေ ဆုပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

(၆)ကြိမ်မြောက် ပြိုင်ကားမောင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းနယ်မြေရှိ Top Ruby Land Racing Karts Club က ကျင်းပမည့် (၆)ကြိမ်မြောက် ပြိုင်ကားမောင်းပြိုင်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ အဆိုပါပြိုင်ကားမောင်းကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲတွင် လူသစ်တန်းပြိုင်ပွဲများအပါအဝင် အမျိုးသားပြိုင်ပွဲ(လူကြီး)၊ အမျိုးသမီးပြိုင်ပွဲ(လူကြီး)၊ စုံတွဲပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲဟူ၍ သတ်မှတ်ထားသည်။ ပြိုင်ပွဲဝင်သူများသည် အသက်(၆)နှစ်မှ အသက်(၇၅)နှစ် အထိ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆုရရှိသူများအား ငွေသားနှင့်ဆုဖလားများကို ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရသူများ၊ ကျွမ်းကျင်သူများအား စိစစ်ကာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အင်တာနေရှင်နယ် ကားမောင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

လယ်ယာကုန်ထုတ်အသင်းစု ဖွဲ့စည်းတာဝန်ပေးအပ်

ဟင်္သာတ မေ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် အင်းဓဝယ်ကျေးရွာအုပ်စုနှင့် လယ်ကြီးကွင်းကျေးရွာအုပ်စုတို့တွင် လယ်ယာကုန်ထုတ်အသင်းစုများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ ကျင်းပရာ **(အပေါ်ပုံ)** အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်သမဦးစီးဌာနမှူး ဦးခင်မောင်ကြည်နှင့် မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဌေးလွင်က လယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်း (၁၄)ချက်တို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဟင်္သာတမြို့နယ်အနေဖြင့် ၂၀၁၁-၂၀၁၂ မိုးစပါးရာသီမှစတင်၍ လယ်ယာကုန်ထုတ်အသင်းစု နှစ်ခု ဖွဲ့စည်းတည်ထောင်၍ ၎င်းအသင်းတို့၏ အောင်မြင်မှုကို အခြေခံကာ ဆက်လက်တိုးချဲ့ဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကုန်သည်/စက်မှု အသင်းချုပ်၌ ဟောပြောပွဲ ကျင်းပမည်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသည့် ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို မေ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ RUMFCCI Office Tower (ပထမထပ်) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်နိုင်

ဟောပြောပွဲတွင် Asian Institute for Technology (AIT) - Bangkok မှ The CSR Asia Center at AIT ၏ Director Ms. Leena WOKECK က Responsible Business Practices For Sustainable Development ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်းများ

ချန်ပီယံလိဂ် ဗိုလ်လုပွဲကစားမည့် ဘာစီလိုနာအသင်း အာဆင်နယ်ကွင်းတွင် လေ့ကျင့်ခန်းဆင်းလျက်ရှိ

လန်ဒန် မေ ၂၆

အိုက်စလန်မီးတောင်ပေါက်ကွဲမှုကြောင့် လေကြောင်းလိုင်းပေါင်း ၅၀၀ ခန့် ရပ်နားထားရမည့် အခြေအနေတွင် ချန်ပီယံလိဂ် ဗိုလ်လုပွဲကစားရမည့် စပိန်ကလပ် ဘာစီလိုနာသည် လန်ဒန်သို့ရောက်လာရန် မသေချာတော့ဟု စောစောပိုင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။ သို့သော် ထိုအခြေအနေကို ရိပ်စားမိသော ဘာစီလိုနာအသင်းသည် လန်ဒန်သို့ သတ်မှတ်ထားသည့်ရက်ထက် နှစ်ရက်စော၍ ရောက်ရှိလာခဲ့သည်။

လန်ဒန်သို့ နှစ်ရက် စောရောက်လာသည့် ဘာစီလိုနာအသင်းသည် လေ့ကျင့်ရေးကွင်းအခက်အခဲရှိနေရာ အာဆင်နယ်အသင်းထံမှ အကူအညီယူခဲ့ရသည်။ ထိုသို့ ဘာစီလိုနာအသင်း၏ အခက်အခဲကို အာဆင်နယ်တာဝန်ရှိသူများက ချက်ချင်းတုံ့ပြန် အကူအညီပေးခဲ့ရာ ယခုအချိန်တွင် စပိန်ကလပ် ဘာစီလိုနာသည် အာဆင်နယ်အသင်း၏ လေ့ကျင့်ရေးအဆောက်အအုံနှင့် ကွင်းကို အသုံးပြုလျက်ရှိနေပြီဖြစ်သည်။ ဘာစီလိုနာအသင်း တာဝန်ရှိသူများက မိမိတို့အသင်းနှစ်သင်းကြား အပြန်အလှန်လေးစားမှုကို ပြသရာရောက်ပြီး အာဆင်နယ်အသင်းမှ တာဝန်ရှိသူများအားလုံးကို အထူးပင် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

အင်တာနက်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွက် လန်ဒန်တွင် လေ့ကျင့်ခန်းဆင်းနေသည့် မက်ဆီ။

တားမြစ်ဆေးသုံးစွဲသည့် ကိုလိုတိုရေး ပွဲပယ်ပြစ်ဒဏ် တစ်နှစ်ချမှတ်ခံရ

လန်ဒန် မေ ၂၆

မန်စီးတီးအသင်း၏ နောက်ခံ ကစားသမား ကိုလိုတိုရေးသည် တားမြစ်ဆေးသုံးစွဲခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့၍ တစ်နှစ်တိတိ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံလိုက်ရပြီဖြစ်သည်။

ကိုလိုတိုရေးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်က အိုးထရက်ဖို့ဒ်တွင် မန်ယူနှင့် ကစားရမည့်ပွဲတွင် ဆေးစစ်မှုခံယူခဲ့ရာ ဆေးကျခဲ့၍ ကနဦးပွဲပယ်ပြစ်ဒဏ်ထိခဲ့သည်။ ယခုတစ်ကြိမ် အဆိုပါအမှုကို အင်္ဂလန်၌ ထပ်မံစစ်ဆေးကြားနာခဲ့ရာ ပြစ်မှုထင်ရှားသဖြင့် တစ်နှစ်ပွဲပယ်ပြစ်ဒဏ်ကို ချမှတ်လိုက်ခြင်းဖြစ်သည်။

အသက် (၃၀) ရှိပြီဖြစ်သည့် ကိုလိုတိုရေးက ဇနီးသည်တိုက်ကျွေးသည့် ပိန်ဆေးကိုသာ သုံးစွဲခဲ့ကြောင်း၊ အဆိုပါဆေးတွင် တားမြစ်ဆေးပါဝင်ခဲ့သည်ကို လုံးဝမသိကြောင်း ပြောကြားသည်။ မန်စီးတီးအသင်းသည် ၎င်းကို အာဆင်နယ်အသင်းမှ ခေါ်ယူပြီး တစ်ပတ် ပေါင်တစ်သိန်း ပေးထားရသည်။ ယခုအချိန်တွင် မန်စီးတီးအသင်းသည် ၎င်းနှင့် ချုပ်ဆိုထားသည့် စာချုပ်ကို ဖျက်သိမ်းဖွယ်ရှိနေသည်။

အင်တာနက်။



တားမြစ်ဆေး သုံးစွဲမှုကြောင့် တစ်နှစ်ပွဲပယ်ပြစ်ဒဏ် ကျခံရသည့် ကိုလိုတိုရေး။

အေစီမီလန်ကွင်းလယ်ကစားသမား ဆီးဒေါ့ဖ် စာချုပ်သက်တမ်းတိုး

မီလန် မေ ၂၆

အေစီမီလန်အသင်း၏ ကွင်းလယ်ကစားသမား ဆီးဒေါ့ဖ်သည် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသွားပြီ ဖြစ်သော်လည်း နောက်ထပ်တစ်နှစ် သက်တမ်းတိုး၍ စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့ကြောင့် အဆိုပါ နယ်သာလန်သားသည် အေစီမီလန်တွင် နောက်ထပ် တစ်ရာသီ ဆက်ရှိနေဦးမည်ဖြစ်သည်။

ဆီးဒေါ့ဖ်သည် အသက်(၃၅)နှစ်ရှိပြီဖြစ်သော်လည်း အေစီမီလန်အသင်း၏ အောင်မြင်မှုအတွက် အဓိက ကျဆဲပင်ဖြစ်သည်။ ၎င်းသည် အေစီမီလန်အတွက် ၁၀ နှစ်တိုင်တိုင် ပေးဆပ်ခဲ့ပြီးဖြစ်ရာ အီတလီပြင်ပ ကစားသမားများထဲတွင် ပွဲထွက်ကစားခွင့် အများဆုံးရထားပြီး ၄၀၁ ပွဲ ပါဝင်ကစားထားသည်။ ဆီးဒေါ့ဖ်၏ သွင်းဂိုးမှာ ၅၈ ဂိုး ရှိနေခြင်းကြောင့် ပြင်ပကစားသမားများထဲတွင် ဂိုးသွင်းအများဆုံး နံပါတ် ၉ နေရာတွင် ရပ်တည်နေသူဖြစ်သည်။ အေစီမီလန်အသင်းသည် ဆီးဒေါ့ဖ်နှင့် စာချုပ်သက်တမ်းမတိုးမီ နက်စတာ၊ အမ်ဘရိုစီနီနှင့် အင်ဇာဂီတို့ကိုလည်း စာချုပ်သက်တမ်းများ အသီးသီးတိုးမြှင့်ချုပ်ဆိုပြီးဖြစ်သည်။

အင်တာနက်။

အေစီမီလန်နှင့် စာချုပ်သက်တမ်းတိုးလိုက်သည့် ဆီးဒေါ့ဖ်။

ဖေဘီယိုကွန်ထရာအို လီဗာပူးနှင့် စာချုပ်မည်

လီဗာပူး မေ ၂၆

ဘင်ဖီကာအသင်းမှ ပေါ်တူဂီ ဘယ်နောက်ခံကစားသမား ဖေဘီယိုကွန်ထရာအိုသည် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီဟုသိရသည်။

လီဗာပူးအသင်းသည် အဆိုပါ ကစားသမားကို ပေါင် ၂၅ သန်းဖြင့် ခေါ်ယူစာချုပ်ရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ လီဗာပူးနည်းပြ ကင်နီဒဲလ်ဂလစ်ချ်သည် ဘယ်နောက်ခံလူနေရာအတွက် နယူးကာဆယ်မှ အန်းရစ်၊ အဲဗာတန်မှ ဘိန်းစ်နှင့် အာဆင်နယ်မှ ကလစ်ချီတို့ကို စောင့်ကြည့်လျက်ရှိနေရာမှ ဖေဘီယိုကွန်ထရာအိုကိုခေါ်ယူရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ ဥရောပအသင်းကြီးအတော်များများ၏ စိတ်ဝင်စားခြင်းကို ခံနေရသည့် ဖေဘီယိုကွန်ထရာအိုသည် ဘယ်တောင်ပံမှနေ၍ တိုက်စစ်အထိ ကောင်းကောင်း လိုက်ပါပံ့ပိုးပေးနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်။

အင်တာနက်။

ဟန်သစ်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်များအတွင်း ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးနှင့် အများပြည်သူတို့၏ အခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနာယက ဦးအောင်ကိုဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးနေဝင်းထွန်းနှင့် ဦးရုံးမူတို့သည် မေ ၈ ရက်တွင် ဖားကန့်မြို့သို့ရောက်ရှိပြီး ဖားကန့်မြို့နယ် ကျောက်စိမ်းတူးဖော်ရေးဌာနမှ တာဝန်ရှိသူများ၊ ဖားကန့်မြို့နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အလုပ်အမှုဆောင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အလားတူ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ကြီး၊ အတွင်းရေးမှူး(၁) ဦးစံမျိုးနှင့် အဖွဲ့ဝင်များသည် မေ ၁၈ ရက်တွင် မိုးကုတ်မြို့သို့ရောက်ရှိပြီး မိုးကုတ်မြို့နယ် ကျောက်မျက်တူးဖော်ရေးဌာနမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယခုအခါ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများသည် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကုမ္ပဏီရွာမှ ဖားကန့်၊ ဟောင်ပါး၊ ဝေ့ခါထိ ဥရုချောင်းပတ်ဝန်းကျင်တစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိပြီး တူးဖော်ပြီး မြေပြန်ဖို့၍ နှစ်ရှည်ပင်များစိုက်ပျိုးရန် သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်လျက်ရှိသည်။

ထို့ပြင် မိုးကုတ်ရတနာမြေတွင် ကျောက်မျက်ရတနာတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ ရေလျှံမှု၊ ရေလွှမ်းမှု ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရေနီချောင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျောက်မျက်ရတနာတူးဖော်သည့်နေရာများတွင် သစ်မာစိုက်ခင်းများကို ပျိုးထောင်စိုက်ပျိုးလျက်ရှိပေသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

သတင်းမှတ်စု - တင်ထွေး(သတင်းစဉ်)

အင်တာနက် မြေလျှင်သိပ္ပံသတင်း

ဘာသာပြန်
စံစံ

ကမ္ဘာ့ လေထုလွှာအတွင်း ဓာတ်ရောင်ခြည်လှိုင်းများပါဝင်မှု အခြေအနေအား ထောက်လှမ်းလေ့လာနိုင်သော ကိရိယာကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျပန်မြေလျှင်မလှုပ်မီ ရက်အနည်းငယ်အလို ကမ္ဘာ့လေထုလွှာအတွင်း အပူချိန် လျင်မြန်စွာမြင့်တက်ခဲ့

တိုကျို မေ ၂၆

ဂျပန်နိုင်ငံ၌ မတ်လက အင်အားပြင်းထန်သော မြေလျှင် မလှုပ်မီ ရက်အနည်းငယ်အလိုတွင် မြေလျှင်ဗဟိုချက်ဖြစ်လာမည့် နေရာဒေသအထက် လေထုလွှာအတွင်း အပူချိန်မြင့်တက်မှု လျင်မြန်စွာဖြစ်ပေါ်လာခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာပေါ်တွင် မြေလျှင်ကြီးများ မလှုပ်မီ ရက်အနည်းငယ်အလိုတွင် ကမ္ဘာ့လေထုလွှာအတွင်း ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိကြောင်း အမေရိကန် အာကာသအေဂျင်စီ(နာဆာ)ရှိ ဂေ့ါဒတ် အာကာသပျံသန်းရေးဗဟိုဌာနမှ သုတေသီ ဒီမစ်တာ အူဇူနော့ဦးဆောင်သော **စာမျက်နှာ ၅ ကော်လံ ၃ သို့**✤

လော်ကားဥယျာဉ် ပိတ်ရက်မရှိ နေ့စဉ်ဖွင့်မည်

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို အများပြည်သူ အပန်းဖြေအနားယူရန် အခွင့်အလမ်း ပိုမိုရရှိစေရေးအတွက် ဇွန် ၁ ရက်မှစ၍ ပိတ်ရက်မရှိ နေ့စဉ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)